

လုံးချင်းဝတ္ထုသစ်
ဆုလေးနွယ်
ချစ်တဲ့ကမ္ဘာ
မန်းချိုသိန်းနေခြည်

# အခန်း (၁)

မင်္ဂလာကားဖြူဖြူလေးတစ်စီး လမ်းထဲသို့ ချိုးကွေ့ဝင်လာတာနှင့် ဖူးတံချီက ဂရုံတာမှာဆက်ပြီး ရပ်နေရကောင်းနိုး၊ သံယောဇဉ်ပြတ်ပြတ်နှင့် လှည့်ဝင်ရကောင်းနိုး ချီတုံချတုံ ဖြစ်သွားရသည်။

ညနေ ခြောက်နာရီခွဲခါနီး ဆိုပေမဲ့ မမှောင်သေး။ အပြင်မှာ အလင်းရောင်ကောင်းစွာ ရှိနေဆဲပါ။

သူတို့ရဲ့ မင်္ဂလာအချိန်က ညနေလေးနာရီကနေ ခြောက်နာရီအထိ။

ထိုမင်္ဂလာချိန်တစ်ချိန်လုံး ဖူးတံချီဘာမှလုပ်မရပဲ ထိုင်လိုက်ထလျှောက်လိုက်နှင့် နာရီကိုသာ ကြည့်နေမိသည်။

ကမ္ဘာကတော့ စိတ်လှုပ်ရှားပျော်ရွှင်နေမလား။ မနက်က သူ့မျက်နှာကို လှမ်းမြင်ရတာ တော့ ပျော်ရွှင်တက်ကြွနေပုံမရပါ။

သတို့သားဖြစ်ရမည့်သူနှင့်တောင်မတူပဲ အေးတိအေးစက်တွေတွေငေးငေး ဟန်မူယာနှင့်ပါ။

သြော် ...ဖူးတံချီတို့ တကယ်ဝေးကြပြီပဲ။ ရင်ထဲမှာ နင့်ကျပ် နာကျင်နေရပေမဲ့ သူ့ကို ဖူးတံချီမမုန်းနိုင်။ မေ့လည်း မေ့မထားနိုင်။

ကမ္ဘာ ဒီနေ့မင်္ဂလာဆောင်မှာပဲဆိုတဲ့ အသိနှင့် ညအိပ်ကတည်းက ကောင်းကောင်းအိပ်မပျော်။

မနက်မိုးမလင်းခင်ကပင် နိုးနေခဲ့သည်။ ဒီညနေဟာလည်း

ထူးထူးခြားခြား လွမ်းဆွတ် တွေးမြွေဖွယ်ကောင်းနေသည်ဟု ဖူးတံချီထင်သည်။

ချစ်သူလက်ထပ်တဲ့ ညနေလေးက သူမအတွက် မမေ့နိုင်စရာပါ။

မဆုံတဲ့ဖူးစာဆိုတာ သေချာသွားလည်း ရင်ထဲမှာတော့ မြတ်မြတ်နိုးနိုးချစ်ရဆဲပါ ကမ္ဘာရယ်။

မြတ်ကမ္ဘာလင်းဆိုတဲ့ ယောကျာ်းတစ်ယောက်ရဲ့ ပါရမီဖြည့်ဖက်ဖူးစာရှင်ဟာ "ဝတ်ရည်ဖူးတံချီ" မဟုတ်ဘူးတဲ့။ မဖြစ်နိုင်ဘူးတဲ့ ..။

"သိမ့်သီရိမောင်"ကမှ ရှင့်ရဲ့ဇနီးမယားဖြစ်ထိုက်သူတဲ့။

ဒီတော့ ဖူးတံ ဘာများတတ်နိုင်မှာလဲ။ ကြုံလာရတဲ့ကံကြမ္မာကို ရဲရဲရင်ဆိုင်ရုံပဲပေ့ါ။ ဒါပေမယ့် ငိုတော့ငိုမိတာပေ့ါ ကမ္ဘာရယ်။

ဘယ်သူရင်ထဲကောင်းနိုင်မှာလဲ ....။ စိတ်ကိုတင်းလျှက် ဖြေးဖြေးလေး ဘီးလိမ့်ဝင်လာတဲ့ ပြောင်ပြောင်လက်လက် မာ့ခ်တူးကားကို စူးစိုက်ကြည့်နေမိသည်။

မင်္ဂလာမောင်နှံ့အရုပ်ကလေးက ချစ်စရာ။ ကားတစ်စီးလုံး ဖဲကြိုးအပြားကြီးများ ဖဲပွင့်များ၊ ပူဖောင်းများ ချိတ်ဆွဲသိုင်းချည်ထားပုံလည်း ကဗျာဆန်ပြီး စိတ်လှုပ်ရှားစရာလေးပါ ..။

မင်္ဂလာသတို့သားနှင့် သတို့သမီးတို့ အိမ်ပြန်ခရီး။ သူ့ရှေ့ကဟိုင်းလက်ကားပေါ်ကနေ ဗီဒီယိုရိုက်ယူနေဆဲပါ။

ဖူးတံကို မတော်တဆတွေ့သွားမလား ကြောက်တာနှင့်အတူ သူကိုလည်း မြင်ချင်သေးတာကြောင့် ဖူးတံ နောက်ဖက်သို့လည်း လှည့်ဝင်မသွားနိုင်။

ကားနောက်ခန်းထဲက မင်္ဂလာမောင်နှံကို သတ္တိမွေးလျှက်က အေးစက်စက်ကြည့်နိုင်ဖို့ ကြိုးစားရသည်။

တစ်လမ်းထဲနေကြတာပဲလေ။ အခုမတွေ့လည်း နောက်တွေ့နေမှာပဲ။

ဘယ်လို ရှောင်လို့လွတ်နိုင်ပါ့မလဲ။

ဖူးတံတို့က ကံကောင်းထောက်မစွာ လမ်းထိပ်ပိုင်းကျသည်။ ခြံဝန်းလေးနှင့် ပျဉ်ထောင် နှစ်ထပ်အိမ်လေး။

ကမ္ဘာနှင့် သီရိကတော့ ခြံချင်းကပ်ရက် ဟိုးဖက်လမ်းအတွင်းပိုင်းမှာ။

သီရိတို့တိုက်အိမ်ကြီးက လှပခန်းနားလွန်းတာကြောင့် ဒီနားတဝိုက်လူသိများပါသည်။

“သီရိဂေဟာ” ကိုဖြတ်သွားဖြတ်လာသူတိုင်း မော့ကြည့်အားကျရတာ မျိုးပါ။

ကမ္ဘာကတော့ အမေမုဆိုးမနှင့် သာမာန်အိမ်ဟောင်းလေးတစ်လုံးမှာပဲနေတာ။ မသီရိတို့ နှင့် ယှဉ်လျှင် အဆင့်အတန်းချင်း အတော်ကွာခြားပါသည်။

သို့သော် သီရိက ကမ္ဘာကို နှစ်သက်မက်မောသဘောကျတော့သည်။ မိဘတွေက လက်ထပ်ပေးစားခဲ့ပြီ။

အခုဆို ကမ္ဘာက သူဌေးကြီးရဲ့သားမက် ရွှေဆိုင်ပိုင်ရှင်အန်တီထားရဲ့ သားမက်၊ သီရိဂေဟာရဲ့ မိသားစုဝင် ဖြစ်သွားပါပြီ။

သူတို့ လက်ထပ်ပြီးလျှင်လည်း ခန်းနားလှပသော သီရိဂေဟာမှာသာ နေမှာဟုဆိုသည်။

သူတို့ အပြင်သွားဖို့ ကားနှင့်ထွက်တိုင်း ဖူးတံတို့ခြံရှေ့ကပဲ ဖြတ်သွားရမှာ။

လမ်းက အတွင်းမှာ ကွေ့ဝိုက်||||||||||||နေပြီး ဒီဖက်ပဲ ပြန်ပတ်ထွက်လို့ရကာ ကတ္တရာလမ်းမကြီး ပေါ်တက်ဖို့ ဒီအထွက်လမ်းတစ်ခုပဲရှိသည်။

ဖူးတံတို့အိမ်ရှိလို့ ဒီဖက်က မထွက်ချင် မဝင်ချင်ပါဘူးဆိုလည်း မရ။ သူတို့ကို ဖူးတံလည်း တွေ့ဆုံတိုက်ဆိုင်နေရဦးမှာပါ။

ကားကြီးက တောက်ပပြောင်လက်လှပနေသလို လက်ထပ်ပြီးစ ဇနီးမောင်နှံအသစ်စက်စုံ တွဲဟာလည်း အတော်လေးမောချင်စရာ ကောင်းပါသည်။

သတို့သမီးက ပုဝါပါးပါးလေးနှင့် ခေါင်းမှာ သရဖူလေးဆောင်းထားတာ ဘေးတိုက်ကြည့်တော့ နတ်သမီးလေးလို။

ဝတ်ထားတဲ့ သခွားအနုလေးက သူမရဲ့ ဖြူဝင်းနုနယ်သော အသားအရေနှင့် လိုက်ဖက် တင့်တယ်ရှုမောဖွယ်ပါတည်း။ သတို့သားက ဟိုဖက်အခြမ်းမှာမို့ တိုက်ပုံပုဆိုးအဖြူနှင့် ရှင်းသန့်သန့် သဏ္ဌာန်ကိုသာ လှမ်းတွေ့လိုက်ရသည်။

မျက်နှာကို ဒီဖက်မလှည့်ပဲ ရှေ့တူရူကိုပဲ ကြည့်ရှုလိုက်ပါသွားတာ ဖူးတံတို့ အိမ်ဖက်မကြည့် ချင်လို့လား။

ဒါမှမဟုတ် ဒီနားမှာ သူချစ်ခဲ့ဖူးတဲ့ မိန်းကလေးတစ်ယောက်ရှိတယ်ဆိုတာ ပင်မေ့သွားရ အောင် စိတ်လှုပ်ရှားချိုမြိန်ဖွယ် မင်္ဂလာဦးကာလမို့လား။

ဖူးတံမသိပါ… ဖဲပြားပန်းရောင်အကြီးကြီး ကိုကား နောက်မြီးမှာ ကပ်ထားတာကိုပဲ မျက်စိတစ်ဆုံးလှမ်းကြည့်မိကာ ပင့်သက်ရှူက်ဖို့ပင် မေ့နေရသည်။

ကားလေးက တစ,တစ ဝေးသွားသည်။

လမ်းက တဖြောင့်တည်းမဟုတ်ပူ… အကွေ့နှစ်ကွေ့ နှင့် ရေကန်တစ်ခုကို ပတ်ရတာ ကြောင့် ပထမအကွေ့မှာပင် ဖူးတံမြင်ကွင်းထဲက ပျောက်သွားပါသည်။

ရင်ထဲက နှလုံးသားတစုံပြုတ်ထွက်လိုက်ပါသွားသလို ခံစားရသည်။

ဖူးတံ ရင်မှာဘာမှမကျန်။ ချစ်တတ်သော အသည်းနှလုံးတို့ ကင်းမဲ့သွားရပါပြီ။

ခြေထောက်တွေက လျှောက်ရတာ ပေါ့ရုပ်ရုပ်ကြီးဖြစ်နေသည်။ ခြေဖျားနှင့် ကြမ်းခင်းတို့ ထိတယ်ဟုမထင်။ သူမလည်း ဒီနေ့တစ်နေ့လုံးစိတ်နှင့်လူနှင့်မကပ်ပါ။

ဒေါ်လေးငွေက သူမကို တိတ်တဆိတ် ငေးကြည့်နေကာ ဘာမှမပြော။

ဖူးတံချီက သူမအခန်းရှိရာ လျှောက်လာသည်။ ပြီးတော့ အရုပ်ကြိုးပြတ်သလို ကုတင်ပေါ် ပစ်ထိုင်လိုက်သည်။ ထို့နောက် မွေ့ရာပေါ် ကန့်လန့်ဖြတ်လှဲချလိုက်လေသည်။

မျက်ဝန်းအိမ်မှာ မျက်ရည်တို့ စိုစွတ်နေသည်။ ထပ်လည်းမငိုချင်တော့ပါ။ ဒီထက် ထိခိုက်ခံစားနေရင် သူမ ခံနိုင်ရည်ရှိမှာ မဟုတ်တော့။

အခုပင် ခေါင်းတွေကိုက်ပြီး တစ်ကိုယ်လုံး ပင်ပန်းနွမ်းနယ်ကာ အားမရှိသလို ခံစားရသည်။

သူမရင်ထဲက ခွန်အားတွေကို ကမ္ဘာက သိမ်းယူသွားခဲ့ပြီ။

ကမ္ဘာမြေကြီးလိုပျူပဲ အလွန်ဆွဲအားရှိတဲ့ ကမ္ဘာပါ။ ကြည့်အုံးလေ…

သူတစ်ခြားသော မိန်းကလေးတစ်ဦးနှင့် လက်ထပ်သွားတာကိုတောင် ဖူးတဲက အပြစ်မယူ ပဲ စွဲစွဲနှင့်နှင့် ချစ်နေမိတုန်းပဲတဲ့။ အချစ်ဆိုတာဘယ်လောက် ထူးဆန်းအံ့ဩဖွယ် ကောင်းတဲ့အရာလဲ။ မာနတွေ၊ မခံချင်မှုတွေ၊ ရှက်အားငယ်ရတာ တွေက သပ်သပ်ပေါ့လေ။

ဟိုးတလောကတည်းက ပင့်မော့ပြီး ဟန်ချီနေတဲ့ မသီရိရဲ့ မျက်နှာဟာ သိပ်မကြာခင် သူ နှစ်သက်တဲ့ မြတ်ကမ္ဘာကို ရရှိတော့မယ်ဆိုတာ

ကြေညာနေသလိုပါ။

တကယ်လည်းပဲ ကမ္ဘာနှင့် မသီရိတို့ နီးစပ်ပတ်သက်မှုရှိသွားကြပြီ။ သူတို့ တရားဝင် လက်ထပ်လို့ တခမ်းတနားမင်္ဂလာဆောင်ခဲ့ပြီ။

ဖူးတံချိုက စိုစွတ်နေသော မျက်ဝန်းတစ်ဝိုက်ကို လက်ခုံလေးနှင့် ခပ်ဖြေးဖြေး ပွတ်သုတ်ရင်း ဖမ်းနည်းစွာတချက်ရှိုက်မိသေးသည်။

အချစ်ဆိုတာ မျှော်လင့်ချက်တို့ ပျောက်ဆုံးစေသောအရာပဲလား။ သူမရင်ထဲမှာ မျှော်လင့် ချက်ကင်းမဲ့နေသည်။

သူမဘာလုပ်ရမှာပါလိမ့်။ ကမ္ဘာလက်ထပ်တော့မယ်ဆိုတာ သိရကတည်းက ထိုမေးခွန်းက ဖူးတံကို နှိပ်စက်နေသည်။

သူ့ရဲ့စွန့်ပစ်ခံဘဝနှင့် မနေချင်ပါ။ အို…ဒီပဲချူးမှာကိုမနေချင်တော့တာ။ အစောကြီးကတည်းကလည်း ဒေါ်လေးငွေကို အိမ်ရောင်းပါလို့ ပူဆာနေခဲ့တာပဲ။

အခုတော့ ဒီမှာပိုလို့ မနေချင်။ ကမ္ဘာနှင့် မသီရိကိုသူမ မတွေ့ချင် မမြင်ချင်ပါ။ အရှုံးသမားမျက်နှာကိုလည်း မပြလိုပါ။

အောင့်သက်သက်နှင့် ကြေကွဲခံပြင်းစွာ ရင်မဆိုင်ချင်။ မျက်နှာပူရ သက်သာအောင်၊ ပြီးတော့ သူမရဲ့ဘဝကို တစ်ကနေပြန်စလို့ရအောင် ဖူးတံ ဒီအိမ်၊ ဒီအရပ်ဒေသကို စွန့်ခွာချင်သည်။

ဒေါ်လေးငွေလည်း သူမကို နားလည်မှာပါ။ သူ့ရဲ့ ဈေးထဲက အထည်ဆိုင်လေးနှင့် အတိုးချထားသော လုပ်ငန်းလေးတွေကြောင့်သာ မပြတ်မသားဖြစ်နေတာ။

တကယ်တော့ မေမေ့ညီမ ဒေါ်လေးငွေက ဖူးတံချိုကို ချစ်သည်။

အပျိုကြီးဘဝနှင့် တူမဖြစ်သူကို အုပ်ထိန်း စောင့်ရှောက်ပြီး မြေတောင်မြှောက်ပေးခဲ့တာပါ။

ဖူးတံ ဒီပဲခူးကောလိပ်မှာပဲ သတ္တဗေဒ ဘာသာ ယူကာ ကျောင်းတက်ခဲ့တာ ဒီနှစ်ကျောင်း ပြီးပြီ။

ပြီးတော့ ရန်ကုန်မှာ မော်ဒယ်သင်တန်းလည်းသွားတက်ထားသည်။

ဒေါ်လေးငွေက သူမကို အလိုလိုက် အကြိုက်ဆောင်သူပါ။ အရင်တုန်းက ရန်ကုန်ကို သွားပြီး မော်ဒယ်အလုပ်ကို ဇောက်ချမလုပ်နိုင်တာ ချစ်သူ ကမ္ဘာကြောင့်ပါ။

ကမ္ဘာက သူမကို မော်ဒယ်မလုပ်စေချင်။ တစ်လမ်းတည်းအတူနေ ချစ်သူလေးကို မခွဲလည်း မခွဲနိုင်။

ဒီလိုနှင့် ကမ္ဘာကြောင့်ပဲ သူမလည်းတွေဝေ၊ ဒေါ်လေးငွေလည်း တွေဝေနှင့် ဒီအိမ်ကို ရောင်းဖို့||||||| ဆိုင်ထားပြီးကာမှ မရောင်းဖြစ်တာ။

အခုလည်း ဝယ်ချင်တဲ့သူက ရောင်းရင်ပြောပါဟု မှာထားသည်။ ဒေါ်လေးငွေရဲ့ ဆုံးဖြတ်ချက်ပဲ ကျန်သည်။ ဖူးတံကတော့ အိမ်ပါပြောင်းသွားဖို့ ဆုံးဖြတ်ချက်ချပြီးသားပါ။

ဒေါ်လေးငွေကို ဖူးတံ ပူဆာမည်။ ဟုတ်သည်။ သူလည်းပဲ တူမလေးကို ချစ်သူကပစ်ထားခဲ တာ၊ ရှက်စိတ်နေတာတွေ သိတာပဲလေ။

သူမ ဆန္ဒကို လိုက်လျောမှာပါ။ ဘယ်သူတွေ ဘယ်လိုထင်ထင် ဖူးတံကတော့ ကမ္ဘာနှင့် ဝေးရာသွားမည်။ သူလက်ထပ်သွားကတည်းက ဝေးကြပြီဆိုပေမယ့် ဖူးတံက တစ်ယောက်ကိုတစ် ယောက် မတွေ့မမြင်ရတဲ့နေရာပဲ ထွက်သွားချင်သည်။

ယောကျ်ားပေမယ့် မပြတ်သားသော ဆွေးရီရီမျက်လုံးတွေကိုလည်း ရင်မဆိုင်ချင်တော့။ အမြဲတမ်း မြင်တွေ့နေရလျှင် သူမ စိတ်ထဲ သံယောဇဉ်ပြတ်ဖို့ဆိုတာ မလွယ်ပါ။

အထက်တန်းကျောင်းသူဘဝကတည်းက ရင်ခုန် စွဲမက်ခဲ့ရသော ချစ်သူ...။ ချစ်သူသက် တမ်း ငါးနှစ်ကြာအောင် အရှူးအမူး ချစ်ခဲ့ဖူးတာ။

ဒါတွေ ဘယ်လိုမေ့ရမလဲ ကမ္ဘာရယ်...။ ဖူးတံ နှလုံးသားထဲမှာ နာနေတယ်...။

*

# အခန်း(၂)

“ဖူးတံရေ...”

“ဟင်း”

သူမက မော့မကြည့်သေးပဲ မုန့်ဟင်းခါးပန်းကန်ထဲ ငရုပ်သီးထည့်ကာ ဇွန်းနှင့် ဖြေးဖြေးမွှေ နေမိသည်။

ဒီမနက် ဒေါ်လေးငွေကို ဈေးလိုက်ပို့ရင်း အပြန်မှာ ကလျာနှင့်အတူ မုန့်ဟင်းခါးဝင်စားတာပါ။

“ကြည့်...ကြည့်...၊ဟိုစုံတွဲ ဒီဖက်ကို လာနေပြီတော့”

“ဘယ်စုံတွဲလဲ”

“ဩော်...ဘယ်သူကမလဲ၊ မသီရိတို့ပေါ့...”

“ဟင်...”

သူမရင်ထဲ ဒိတ်ခနဲတုန်သွားရသည်။ ကလျာမျက်စပစ်တဲ့ လမ်းမပေါ်ကို လှမ်းကြည့်လိုက်လျှင် မသီရိက လူမြင်ကွင်းထဲ ကမ္ဘာ့လက်မောင်းကို ပိုင်ပိုင်တွဲကာ တစ်ကိုယ်လုံး မှီထားတော့မလို အားကိုးကြည်နူးဟန်နှင့် ဖြေးဖြေးလေး မလှုပ်တလှုပ်လျှောက်လာတာကို မြင်ရသည်။

သူတို့ ငွေဆောင်ကို ဟန်းနီးမွန်းထွက်သွားတာသိပေမယ့် ဘယ်နေ့က ပြန်ရောက်နေမှန်းမသိ။ ကမ်းခြေမှာ အတူယှဉ်တွဲလျှောက်သလို ဈေးအနီးမှာ လာလျှောက်နေတာကြည့်...။

ရုတ်တရက် မနာလိုခြင်းကြီးစွာ ရင်ထဲပူပြင်းရှတလာသည်။ မသီရိက ဆင်စွယ်ရောင် ဂါဝန်ကိုယ်တိလေးကို ဝတ်ထားပြီး ဆံပင်ကောက်ကောက်ဖွာဖွာတို့ကို ခပ်မြင့်မြင့် စည်းနှောင်ထားရာ တချို့တလေက မျက်နှာပေါ် ကပိုကရို လွတ်ကျနေသည်။ နှုတ်ခမ်းနီကို သပြေ သီးမည့်ရောင် ဆိုးထားသဖြင့် ဖြူဖြူပြည့်ပြည့် သူမမျက်နှာက ပိုမို ပေါ်လွင်နေသည်။

ကမ္ဘာကတော့ စတိုင်လ်ပင်နဲ့ အဖြူဆွတ်ဆွတ်နှင့် ကော်ဖီနုရောင်ရှပ်အကျီကို လက်ရှည်ချပြီး သပ်ယပ်စွာ ဝတ်ဆင်ထားသည်။ လယ်သာ ရှူးအနက်ရောင် ထိပ်ဦးချွန်နှင့် ခပ်အေးအေး စကားပြော လျှောက်လာဟန်က မင်းသားတစ်ယောက်လိုပါ။

အစကတည်းကလည်း ကမ္ဘာက အဝတ်အစားကို သားနားသပ်ယပ်အောင် ဝတ်ဆင်တတ်တာပဲ။ ဒါပေမယ့် အခုတော့ ပိုပြီး တောက်ပြောင်သစ်လွင် ရှင်းသန့်နေသည်။

သူဌေးသားမက်ဖြစ်သွားလို့လား။ ဒါမှမဟုတ် သတို့သား ပူပူနွေးနွေးမို့လားတော့ မပြောတတ်။ ကိုယ်ရောင်ကိုယ်ဝါ ထင်းလင်းတောက်ပကြော့မတ်နေတာ အမှန်ပင်ဖြစ်သည်။

ဖူးတံသည် သူတို့နှစ်ယောက်ကို သတိလက်လွတ် တမေ့တမော့ငေးစိုက်သွားမိပြီးမှ ရင်ထဲ နင့်နင့်ကြီး မွန်းကျပ်လာသဖြင့် အကြည့်လွှဲဖို့ အားယူမိစဉ် ကမ္ဘာက သူမကို လှမ်းတွေ့ပြီး ခြေလှမ်းတုန့်သွားတော့မလို လှုပ်လှုပ်ခတ်ခတ် အမူအယာပျက်သွားသည်။

သူ့အမူအရာကြောင့်ပင် မသီရိမျက်လုံးတွေက ဖူးတံတို့ဆီ အော်တိုမစ်တင်ရောက်လာသည်။

“ဟဲ့…နင့်ကို ကြည့်နေတယ်”

ဖူးတံ မျက်လွှာချပြီး မုန့်ဟင်းခါးပန်းကန်ထဲက ဇွန်းကို

ပြန်ကောက်ကိုင်မိသည်။ ဘာမှမဖြစ်သလိုပင် သူငယ်ချင်းကလျာနှင့် ပြုံးရယ်စကားဆိုဖို့ ဟန်ရေဆောင်သည်။

“မုန့်ဟင်းခါးက ငါးတွေနှိုင်းချင်းနဲ့ ချိုနေတာပဲနော် စားကောင်းလိုက်တာ”

အမှန်တော့ ဖူးတံက အလွယ်တကူလေး မျိုချလို့ရတဲ့ မုန့်ခင်းခါးကိုပင် မြိုမကျတော့အောင် ရင်နင့်ဆွေးအက်သွားရတာ ပါ။

မျက်ရည်ရစ်ဝဲမလာအောင် ကြိုးစားပြီး အတော်ထိန်းရသည်။

“အင်း…ကောင်းပါတယ်…ဖူးတံ သူတို့ ဒီဖက်လာနေပြီ”

“ဟုတ်လား”

“နင့်ကို နှုတ်ဆက်မလို့ထင်တယ်”

“အို…ငါ့ကို လာနှုတ်ဆက်စရာ အကြောင်းရှိမှာလဲ”

သူမတို့ နှစ်ယောက်သားခေါင်းငုံ့ချပြီး တီးတိုးငြင်းချုန်နေမိစဉ် ကမ္ဘာတို့က တကယ်ပဲ ဒီဖက်ကို တည့်တည့်လာနေသသည်။

“ဖူးတံချို”

မသိရိုးခေါ်သံကြောင့် ဖူးတံဆတ်ခနဲ ဖြစ်သွားရင်း

“သြော်…မမ…မုန့်ဟင်းခါး စားပါဦး”

“နေပါစေ… မစားတော့ပါဘူး၊ ဖူးတံနဲ့ တွေ့တုန်းမေးမလို့… အိမ်ရောင်းတော့မှာဆို”

“ဟုတ်ကဲ့”

“ချက်ချင်းရောင်းချင်ရင် ပြောလေ၊ မမေတို့ဝယ်ထားပေးလိမ့်မယ်”

“ဒေါ်လေးငွေကို ပြောလိုက်ပါ့မယ် မမ”

သူမရဲ့ အထက်စီးဆန်ဆန် ခပ်ကြောကြောအပြောကို ကမ္ဘာက ဘေးကနေ အားတုံ့အားနာ မျက်နှာပျက်နေပါသည်။

သီရိက တမင် ဒီနားလျှောက်လာတာ။ လမ်းနံဘေးက မုန့်ဟင်းခါးဆိုင်မှာ ထိုင်နေတဲ့သူမကို သီရိအလိုလို ကြည့်မရ။

ရည်းစားဖြစ်ခဲ့ဖူးတာနှင့်ပင် သီရိက အရှုံးပေးရမှာလား။ အခု သီရိယောကျ်ားပဲဖြစ်နေပြီ။ ဒီအထိ ဖူးတံက စိတ်လှုပ်ရှားဟန်...သံယောဇဉ် မကုန်ဟန် ပေါက်နေစရာလား။

သူ့ခင်ပွန်း မြတ်ကမ္ဘာကိုတော့ သူက အပြစ်မတင်ရက်ပါ....။ ဒီကောင်မလေး ပဲခူးက မြန်မြန်ပြောင်းသွားရင် အေးရောပေါ့။ မျက်စိနောက်သက်သာမည်။

လမ်းထဲမှာ ...ဈေးမှာ ဖူးတံကို မြင်မြင်နေရတာ လာတိုက်ဆိုင်ကြုံကြိုက်နေရတာ သီရိမလိုလား။ ရင်ထဲ မလိုတမာခါးသီးမိသည်။

ဖူးတံတို့ အိမ်ပါရောင်းပြီး ပြောင်းရွှေ့သွားမယ်ဆိုရင်ဇာတ်လမ်းပြတ်ကရောပေါ့...ဂမ်းသာစရာပါ... ဒီသတင်းကို သီရိ သဘောကျကျေနပ်မိသည်။။

ထိုကြောင့်လည်း သူမ မိခင်ကို ဖူးတံတို့အိမ်ကို ဝယ်ထားလိုက်ဖို့ ပူဆာတောင်းဆိုမိတာ၊ နို့မို့ရောင်းမထွက် သေးပါဘူးဆိုပြီး ဒီမှာပဲ ကြန့်ကြာနေမှာစိုးသည်။ ဖြစ်နိုင်သမျှ ခပ်မြန်မြန်လေး ဒီ ဖူးတံဆိုတဲ့ မိန်းမ မျက်စိရှေ့က ပျောက်သွားစေချင်သည်။

“အေး...အေး....သေချာပြောလိုက်ဦး၊ အရောင်းအဝယ်တည့်ပြီဆိုရင် စရံချမနေဘူး၊ တစ်ခါတည်းငွေအကြေချေမယ်...ဟုတ်ပြီလား။

မသီရိပုံစံကနှင့်အိမ်တစ်လုံးများ ငါတို့အသာကလေးဝယ်နိုင်ပါတယ်။ ဒါအသေးအဖွဲ့ပါဟု ပြောချင်ဟန်ပါ။ ဖူးတံက မျက်နှာမပျက်မိအောင် ကြိုးစားရင်း ခေါင်းညိတ်သည်။ ”

သူတို့ကို မရောင်းချပါဘူး။ မျက်နှာချင်းတောင် မဆိုင်ချင်တဲ့ဥစ္စာ။ ပြောပြီးတာနှင့် သူ့လင်တော်မောင်ကို လက်ချိတ်ကာ လှည့်ထွက်သွားသည်။

“ဘာကြီးမှန်းလည်းမသိဘူး”

ကလျာက စူပွပွ တီးတိုးဝေဖန်သည်။

“ဘဝင်မြင့်နေသလို ပုံကြီးနဲ့ အမြင်ကတ်စရာကောင်းလိုက်တာ၊ နင့်ကမ္ဘာက သူ့ကို ဘာလို့ယူသလဲ မသိဘူးနော်”

“ကမ္ဘာ့အမေ အန်တီညိုကြောင့်ပေါ့ပါဟယ်၊ အန်တီညိုက မသီရိတို့အိမ်နဲ့ ပတ်သက်ရင် အရမ်းကို ပျာယာခတ်အောင် ကျေးဇူးတွေတင်နေတာ။ ကမ္ဘာ့အဖေက အရင်က မသီရိတို့ရဲ့ ဆန်စက်မှာ မန်နေဂျာဆိုပါတော့၊ အခု ကမ္ဘာတို့ နေတဲ့ခြံနဲ့ အိမ်ကလေးကိုလည်း အဲဒီ တုန်းက မသီရိအဖေက အပိုင်ဝယ်ပေးလိုက်တာ၊ အန်တီညိုတို့ လင်မယားက ရွာကလေးကနေ ပဲခူးသာ ရောက်လာတာ။ နေစရာအိမ်တောင် ရှိခဲ့တာမဟုတ်ဘူးတဲ့။ ကျေးဇူးခံ ကျေးဇူးစားပေါ့ဟယ်။ သူဌေးသမီးနဲ့ ကမ်းလှမ်းပေးစားမယ်ဆိုတော့ အန်တီညို ဘယ်ငြင်းနိုင်မလဲ။ မငြင်းနိုင်တဲ့အပြင် ပျော်တောင်ပျော်နေတာ”

“အဲဒါနဲ့ပဲ နင့်ကို ကန်ထုတ်ရောမဟုတ်လား ဖူးတံရဲ့”

သူမက ခပ်မဲ့မဲ့နှင့် နာကျင်ပြုံးလေး ပြုံးလိုက်ပါသည်။ ကလျာ့စကားက မှန်ပေမယ့် နားထဲမှာ ခါးသီးသွားသည်။

“ဖူးတံနဲ့သာ အကြောင်းပါရင် သူ့သားဆင်းရဲမှာပေါ့”

“နင်တို့ တကယ် အိမ်ပြောင်းတော့မှာလား”

“အို…တကယ်ပေါ့”

“ကမ္ဘာ့ကို နင်တော်တော်ချစ်တာပဲနော်…သူ့ ကြောင့် အရာရာစွန့်ခွာထွက်ပြေးမယ်ပေါ့လေ”

ကလျာက စကားနာထိုးတာမို့ သူမက လေပြေလေးနှင့်…

“သူ့ကြောင့်ရယ် မဟုတ်ပါဘူး ကလျာရယ်။ သူ့ကို ခေါင်းထဲကထုတ်လိုက်ပြီ၊ အခု ရန်ကုန် ပြောင်းနေမယ်ဆိုတာ ဖူးတံဘဝရှေ့ရေးပါ၊ ငါ့ဘဝကို တိုးတက်အောင်မြင်အောင်လုပ်ရဦးမယ် ကလျာ…၊ လူဆိုတာ ကိုယ့်ရဲ့အရှုံးကို ထပ်တလဲလဲ ကြည့်မနေချင်တတ်ဘူးလေ”

“နင်ဒီမှာမရှိရင် ကလျာတော့ လွမ်းတော့မှာပဲ”

“ပျင်းတော့မယ် ပြောပါနော်”

“အင်းပေါ့၊ ပျင်းခြောက်ခြောက်ကြီး ဖြစ်သွားမယ်”

“ရည်းစားလေး၊ ဘာလေးထားလိုက်ပေါ့ ”

ဖူးတံက ပေါ့ပေါ့ပါးပါး နောက်ပြောင်လိုက်သည်။

“နင့်ကို ကြည့်ပြီး လန့်နေပါပြီ ဖူးတံရယ်၊ တော်ပါတော့၊ ရည်းစားထားရမှာတောင် ခပ်ကြောက်ကြောက်ပဲ၊ ကလျာက ဖူးတံလို အသည်းမာတာ မဟုတ်ဘူး၊ ရည်းစားဟောင်းကို တခြားမိန်းမနဲ့ တွဲလာတာ ခပ်ပြုံးပြုံး ကြည့်နေနိုင်မှာ မဟုတ်ဘူး၊ ကလျာ နင့်လောက် မရင့်ကျက်ဖူး၊ တကယ်”

ဖူးတံ မဖြေရှင်းတော့ပါ။ ဒီလို ရင့်ကျက်ဖို့ အရင်းအနှီး ကြီးမားပါသည်။ ပြောပြရင်လည်း ကလျာခံစားနားလည်နိုင်မှာမဟုတ်ပါ။

ကိုယ်တိုင်ကြုံရတဲ့ သူသာအသိဆုံးပါ။ ကမ္ဘာနှင့် မသီရိကို ခပ်အေးအေး ရင်ဆိုင်နိုင်တာ သူမဆီမှာ အသည်းနှလုံးတွေ မရှိတော့ပါ။ ခံစားမှု ကင်းမဲ့အောင် ထုံကျင်အေးခဲသွားလို့ပါ။

ကလျာပြောသလို ရင့်ကျက်သွေးအေးတာဟု ဖူးတံမထင်ပါ။ ကမ္ဘာ့မျက်နှာ မြင်လိုက်တိုင်း မှာ ရင်ထဲထန်းမရအောင် ပူနွေးတုန်လှုပ်နေတုန်းဆိုတာ ဘယ်သူ့ထံ ဝန်ခံဖွင့်ဟရမလဲ။

ဟင့်အင်း…ဝန်မခံချင်တော့ပါဘူး။

"နင့်ကို ငါ ချီးကျူးပါတယ် ဖူးတံရယ်။ နင်က ထက်မြက်ပြတ်သားတဲ့ မိန်းကလေးပါ။ လိုအပ်တဲ့အချိန်မှာ လူတစ်ယာက်အပေါ် အစွမ်းကုန် ချစ်နိုင်ပြီး ချစ်ဖို့ မလိုအပ်တော့တဲ့အချိန်မှာ တိခနဲဖြတ်ချနိုင်တယ်။ ဒါနည်းတဲ့ အရည်အချင်းလား။ ပြီးတော့ သူတို့ကို ခပ်အေးအေးနဲ့ ရင်ဆိုင် ပြောဆိုရဲတယ်၊ ကလျာသာဆို ဒီနေရာမှာ ဘယ်လောက်တောင်ကြိတ်ငိုမိမလဲ မသိဘူး။ အပြင်မထွက်ပဲ အိမ်ထဲမှာပဲ ပုန်းနေမိမယ် ထင်တယ်၊ ဟင်း…ဟင်း"

"ပုန်းနေလို့တော့ ပြီးသွားမှာမှ မဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် မျက်နှာပူစရာနော်၊ အောင့်သီးအောင့်သက်နဲ့ ဖြစ်နေမှာပဲ။ ဟိုမိန်းမကတော့ ခပ်တင်းတင်း ခပ်ပြောင်ပြောင်ပဲ၊ နင့်လက်ထဲက လုယူသွားခဲ့တာ သူမဟုတ်သလိုပဲ"

"ဒါပေမယ့် ကလျာရယ်…ရည်းစားဘဝဆိုတာ ချစ်ချင်တိုင်းလည်း ညားတာမှမဟုတ်တာ၊ လုယုတယ်လို့ ဆိုရအောင်လည်း ဖူးတံလည်း သူ့ကိုမှ မပိုင်တာပဲ"

ဖူးတံပြောပုံလေးကြောင့် ကလျာ၏ ရင်ထဲ နင့်ကာ ကရုဏာသက်မိသွားသည်။

"ဟုတ်တယ် ဖူးတံ၊ ဒါတွေကို အားလုံးထားခဲ့ပြီး နင့်ဘဝကို အသစ်ကနေပြန်စလိုက်စမ်းပါ ။ နင့်ရုပ်က ဒီလောက်ချောနေတာ။ သူ့ထက်သာတဲ့ ယောကျာ်းမျိုး နင်ရနိုင်ပါတယ်၊ ဘာမှ အားမငယ်နဲ့၊ ဂမ်းလည်းမနည်းနဲ့"

ကလျာအားပေးတော့မှပဲ မျက်ရည်က ရစ်ဝဲချင်လာသည်။ ကမ္ဘာရယ်... ဖူးတံ ရှင့်ကို မေ့ထားလိုက်ပါ့မယ်။

*

## အခန်း(၃)

"သူတို့ကို မရောင်းချင်ပါဘူး ဒေါ်လေးရာ။ စိတ်ညစ်ပါတယ်"

"ဩော်...သူတို့က ဈေးပိုပေးနေတာ၊ လေးငါးဆယ်သိန်းပိုရတော့ နည်းသလား။ ဟိုညီအစ်မက ဒေါ်လေးတို့ ဗိုက်နာနေမှန်းသိတော့ ဈေးကို နှိမ်နေတယ်လေ၊ အချိန်ဆွဲနေတယ်၊ မတွေ့ဘူးလား

ဒေါ်လေးငွေက အထည်ဆိုင်ထိုင်ရတော့ ဈေးကွက်ထဲရှိတာ ငွေကြေးကိစ္စကို အင်မတန်မှ တွက်ချက်တတ်ပါသည်။ ဖူးတံပြုံးလိုက်မိရင်း..."

"ဒါဆို ဒေါ်လေးက ဗိုက်နာနေပြီလား။ မွေးတော့မှာလား"

"ကြည့်စမ်း... ညည်းက ငါ့ကို နောက်နိုင်သေးတယ်၊ ညည်းပဲ သူတို့ကို မြင်နေရတာ စိတ်ဆင်းရဲလှချည်ရဲ့ဆိုပြီး ပြောင်းပြေးချင်တာ အခုဆိုအခုလေ၊ ဒါ့ကြောင့် ငါက ရသလောက်ဈေးနဲ့ ထိုးရောင်းနေရတာ ၊ ဒီအိမ်လေးနဲ့ ခြံလေးမှာ နေလာတာ ညည်းတစ်သက်ရှိပြီဆိုတော့ နမြောတော့ နမြောသားအေ့၊ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ လူကြီးဆိုတာ ကိုယ်နေတဲ့ အရပ်ဒေသလေးအပေါ် စွဲလန်းတန်ဖိုးထားတတ်တယ်၊ ခုံမင်တယ်၊ ဘာနဲ့မှလည်း မလဲနိုင်ဘူး။ ဈေးထဲမှာဆိုလည်း ငါက မိတ်ဆွေတွေ အများကြီး ၊ ဒါတွေအားလုံးကို ညည်းလေးတစ်ယောက်ထဲနဲ့ လဲရတာ ပါ၊ ညည်းလေး စိတ်ချမ်းသာဖို့ စွန့်ရတာ ပါ၊ နားလည်စမ်းပါအေ"

ဒေါ်လေးငွေက ငေါ့တော့တော့ပြောရင်း တကယ်လည်း စိတ်မကောင်းဖြစ်နေဟန် ပေါက်နေပါသည်။ ဖူးတံသည် ရုတ်တရက်

ဒေါ်လေးအပေါ် အားနာသနားသွားမိကာ…

“ဒေါ်လေးက မရောင်းချင်ဘူးလားဟင်၊ ဒါဆို ဖူးတံတစ်ယောက်တည်း ရန်ကုန်မှာသွားနေ မယ်လေ၊ အဆောင်လေး ဘာလေးငှားပြီးတော့”

“တော်စမ်းပါ ဖူးတံရယ်၊ ညည်းကို စိတ်မချပါဘူး၊ ငါ့တူမ အပျိုစင်ချောချောလှလှလေးကို တစ်ယောက်ထဲ လွှတ်ထားလို့တော့ ဘယ်ဖြစ်မလဲ၊ ညည်းကောင်းကောင်းမွန်မွန်အိမ်ထောင်ရက် သားကျသွားတဲ့အထိတော့ စောင့်ရှောက်ဖို့ ဝတ္တရားရှိတယ်လေ၊ ငါပါလိုက်မှ ဖြစ်မှာပေ့ါ”

“ဒေါ်လေးပဲ အလွမ်းသယ်နေပြီ။”

“ငါအလွမ်းသည်လည်း ညည်းကိုမမီှပါဘူး၊ ဖူးတံရယ်၊ ညည်းမှာသာ ဟိုက မိန်းမရသွားတဲ့ အထိလိုက်ပြီး သံယောဇဉ်ပိုနေတာ၊ ဘာဖြစ်လဲ မထားတို့ဝယ်တော့လည်းရောင်းတာပေ့ါ၊ ညည်းဘာသာ အသာနေစမ်းပါ”

ဖူးတံက ထပ်မပြောတော့။ မသီရိက ကမ္ဘာ့ကိုသာ အရယူထားတာမဟုတ်၊ သူမတို့အိမ်ကိုပင် အပိုင်ဝယ်ဦးမှာ။

လောဘကြီးတဲ့ အမျိုးသမီး။ သူလည်း ဖူးတံကို တစက်ကလေးမှ ကြည့်လို့မရဘူးထင်သည်။ ဖူးတံ ဒီမှာ မရှိတော့ဘူးဆိုလျှင် အပျော်ဆုံး လူသားက မသီရိပဲဖြစ်မှာ သေချာသည်။

ပျော်ရင်လည်း တစ်သက်လုံး ပျော်ပါစေတော့။ ဖူးတံ ဒီနေရာကို ဘယ်တော့မှ ပြန်မလာဖို့ ဆုံးဖြတ်သည်။ နောင်လည်း မကြုံချင်တော့ပါဘူး။ ဒီဘဝမှာ ဒီမျှနဲ့ ရေစက်ကုန်သွားပြီ။

တွေ့စရာလည်း အကြောင်းမရှိတော့ဘူးလေ။ ဖူးတံလည်း သူတို့နှင့် ပတ်သက်မှာမှ မဟုတ်တာ။ အဝေးဆုံးမှာနေကြတာပဲ ပိုကောင်းပါတယ် ကမ္ဘာ။

ဖူးတံချီသည် အနာဂတ်ကာလကို ကြိုမမြင်နိုင်သူလေးပီပီ

ဒါအပြီးအပြတ်ပဲဟု ထင်မြင်နေသည်။ လူကပြေးလည်း ကံတရားက မပြေးတဲ့အခါ ဒီလူ၊ ဒီလူတွေ တွေ့ဆုံ ကြုံကြိုက်ပတ်သက်မှုရှိနေဦးမှာပဲဆိုတာ သူမ မတွေးတတ်ပါ။

သူမရင်ထဲမှာ ခုလောလောဆယ် မာနတွေပဲ ရှိသည်။ ဂမ်းနည်းအားငယ်မှုတွေ နေရာမှာ ဥပက္ခာနှင့်အတူ မာနတွေကို ရင်ထဲအပြည့်ထိုးသိပ်ထည့်ထားလိုက်သည်။

ဒီမာနနှင့် မခံချင်စိတ်နှင့် ရှေ့ဆက်ခြေလှမ်းတွေ လှမ်းဦးမှာပါ။

"ကဲပါလေ... ဒေါ်လေး သဘောပါပဲ၊ အန်တီထားတို့ကိုပဲ ရောင်းချင်ရောင်းပေါ့၊ နောက် တစ်နှစ်လောက်ဆို ဖူးတံတို့ အိမ်အဟောင်းလေးနေရာမှာ အင်မတန်လှပခန်းနားတဲ့တိုက်အိမ်ကြီး ဖြစ်ချင်ဖြစ်သွားလိမ့်မယ်၊ သူတို့က ပိုက်ဆံရှိတာပဲ၊ နှစ်ယောက်ထဲနေလို့ရအောင် နန်းတော် သဘောမျိုး ဆောက်ဦးမှာပေါ့"

"အဲ့ဒီလောက် ရှည်ရှည်ဝေးဝေး မစဉ်စားစမ်းပါနဲ့၊ သူတို့ဟာ သူတို့တိုက်ပဲဆောက်ဆောက်၊ ပြန်ပဲရောင်းရောင်းပေါ့၊ ကိုယ့်အပူမှ မပါတော့တာ၊ အရေးကြီးတာက ညည်းလေး လင်ကောင်းသားကောင်းရဖို့ပဲ။ သူဌေးကတော်ဖြစ်ပါစေပဲ ဆုတောင်းတော့မယ် ငါတော့၊ ဒါမှ တစ်ချိန်ချိန် ငါလည်းသူတို့ကို ခပ်မော့မော့ ခပ်တင်းတင်း ကြည့်နိုင်မယ်၊ ငါ့တူမက ဒီလိုမော့လို့ ကြွားခွင့်တော့ ကြုံဦးမှာပေါ့၊ အခုတော့ခေါင်းမော့ထားဦးပေါ့...ဟင်း...ဟင်း"

ဒေါ်လေးငွေက သူမဘက်မှ မခံချင်စွာ ကြုံးဝါးနေလေသည်။

*

# အခန်း(၄)

ဝတ်ရည်ဖူးတံချီရဲ့ ဘဂတစဆစ်ချိုးကွေ့ချိန်က လျှင်မြန်စွာ ပေါ်ပေါက်လာပါသည်။

မထင်မှတ်သောအချိန်မှာ မထင်မှတ်သောနေရာကနေ ဖူးတံရဲ့ ဖူးစာဖက်ယောက်ျားတစ်ယောက်က နီးကပ်စွာရောက်လာခဲ့သည်။

“သဘောကောင်းပြီး ယဉ်ကျေးတဲ့သူတွေများကျတော့လည်း စကားပြောလို့ ကောင်းလိုက်တာ သမီးရယ်၊ လေသံလေးက အေးမြပြီး နားဝင်ချိုလိုက်တာ၊ ဒါမျိုးပဲ ခမည်းခမက်တော်မှာပေ့ါ။ ဒေါ်ညိုတို့နဲ့များ တခြားစီပါ”

ဒေါ်လေးငွေက မိုးကုတ်ဝိပဿနာမှာ တရားစခန်းဝင်ရင်း ခင်မင်သိကျွမ်းလာသော ဒေါ်ယမင်းလှိုင်အကြောင်းကို တဖွဖွပြောမဆုံးချေ။

တရားစခန်းက ထွက်တော့လည်း တအိမ်နှင့်တအိမ်ထမင်းစားဖိတ်ရင်း အတူဘုရားဖူးကြရင်း ဆွေးနွေးဖြစ်ကြသည် ထင်ပါရဲ့။

ဒေါ်ယမင်းလှိုင်က ဖူးတံကို ချွေးမအဖြစ်လိုချင်ကြောင်း ပွင့်ပွင့်လင်းလင်း စကားကမ်းလှမ်းခဲ့၏ ။

“သမီးကို မြင်ကတည်းက အန်တီယမင်းက ချစ်သွားတာသိလား။ သူ့သား ဒေါက်တာသူရကျော်ဟိုး ဆိုတာလည်း အသားဖြူဖြူ အရပ်မြင့်မြင့်ကြီးနဲ့ ခပ်ချောချောပါအေ၊ အမေစကားလည်း အင်မတန်နားထောင်လွယ်တဲ့ ကောင်လေး၊ အမေက ဒါဆိုုုုုုုုုုုုုုုုဒါပဲ၊ တစ်ခုပဲ ပြောစရာရှိတာက၊ ဒေါက်တာကျော်ဟိုးက ဆရာဝန်မလေးတစ်ယောက်နဲ့ချစ်ဖူးပြီး စေ့စပ်ကြောင်းလမ်းပြီးမှ

ပျက်သွားတာတော့ရှိခဲ့တယ်”

“ဒါကတော့ သမီးတောင် ရည်းစားရှိခဲ့ဖူးတာပဲ၊ မဆန်းပါဘူး၊ တရားဝင်မိန်းမရှိခဲ့တာမှ မဟုတ်တာ၊ အဲဒီ ဆရာဝန်ကောင်မလေးကလည်း အင်္ဂလန်ထွက်သွားပြီတဲ့၊ သတင်းစာထဲမှာ စေ့စပ်ပွဲဖျက်သိမ်းတာတောင်ပါတယ်တဲ့။ မယမင်းက အဲ့ဒီသတင်းစာတောင် ထုတ်ပြတယ်။ သူ့သားခင်ဗျာတော့နည်းနည်းထိခိုက်ခံစားရတယ်ပေ့ါလေ။ ဒါ့ကြောင့် သမီးကိုတွေ့တော့ မောင်ကျော်ဟိုးနဲ့ အရမ်းသဘောတူတော့တာပဲ၊ သူတို့က ရွှေတောင်ကြားထဲမှာ ဒေါ်လာနဲ့ငှားထားတဲ့ ခြံလည်းရှိတယ်၊ လက်ရှိနေတဲ့ ခြောက်မိုင်ခွဲက အိမ်ကြီးဆိုုတာလည်း။ ဟီးဟီးထနေတာပဲ၊ မတွေ့ဘူးလား၊ စက်မှုဇုံမှာလည်းဝယ်ထားတာတွေရှိတယ်၊ သားအမိလေး နှစ်ယောက်ထဲနဲ့ လုပ်ငန်းတွေကများလိုက်တာ၊ ဒီအတိုင်းထိုင်စားတာတောင်ရပါတယ်အေ၊ ငါသာဆို အေးဆေးပဲ တရားစခန်းဝင် လိုက်မှာ

ဒေါ်လေးငွေက ရန်ကုန်ရောက်မှ ဘာသာတရားပိုမိုကိုင်းရှိုင်းလာကာ တရားစခန်းတွေခဏခဏဝင်လာသည်။

ဖူးတံကတော့ မော်ဒယ်သင်တန်းတုန်းက သူငယ်ချင်းတွေနဲ့အတူ မိတ်ကပ်ကုမ္ပဏီတစ်ခုမှာ အလုပ်ဝင်လုပ်တာ ဘာမှမကြာသေးပါ။

ဖက်ရှင်ပွဲကို တစ်ပွဲ နှစ်ပွဲလောက်ပဲ လျှောက်ဖြစ်ခဲ့သည်။ အခုဆို မနက်မိုးလင်းရင် ဖူးတံတို့ဝယ်လိုက်တဲ့ လှိူင်မြင့်မိုရ်အိမ်ရာက တတိယထပ်လေးကိုတော့ ပိတ်ခဲ့ကာ ဖူးတံက ကုမ္ပဏီသွား၊ ဒေါ်လေးငွေက အန်တီယမင်းနှင့် လိုက်သွားကာ ရန်ကုန်မှာတူအရီးနှစ်ယောက်သား ပျော်ရွှင်နေသားကျနေပါပြီ။

ဖူးတံက ကုမ္ပဏီက သူငယ်ချင်းတွေနှင့် အဖွဲ့ကျကာ အတိတ်က ဖြစ်ရပ်တွေကို တစတစ မေ့ထားနိုင်ပြီဖြစ်သလို ဒေါ်လေးငွေကလည်း

အန်တီယမင်းနှင့် သွားလာလှုပ်ရှားနေကာ ဗုဒ္ဓဂါယာ ဘုရားဖူးတွေ ဘာတွေထွက်ဖို့ပင် စီစဉ်နေပြီမို့ သူ့ဘဂကို အတော်ကျေနပ်ကြည်နူးနေပါသည်။

နှစ်ဦးသားမှာ သောကတွေ ကင်းရှင်းပြီး စိတ်ချမ်းသာနေကြသည်ဟု ဆိုနိုင်သည်။ ပဲခူးမှာ ကျန်ခဲ့တဲ့ ကမ္ဘာတို့တွေကတော့ ဘာတွေ ထူးခြားပြောင်းလဲနေပြီလဲ မသိပါ။

သူမနှင့် ဒေါ်လေးက သတင်းပင် မစုံစမ်းပဲ တက်ညီလက်ညီ အတိတ်ကို နေရစ်ခဲ့တော့ဟု ချန်ထားနိုင်ကြသည်။

"ယမင်းလည်း သူ့သားကို နေရာချထားပေးပြီးပြီ ဆိုရင် စိတ်အေးလက်အေးနေနိုင်ပြီပေါ့၊ ငါလည်း ကိုယ်ချင်းစာပါတယ်၊ မယမင်းနဲ့ ငါလည်းတစ်နေ့တစ်နေ့ ဒါပဲ တိုင်ပင်နေကြတာ၊ သမီးသဘောကရော ဘယ်လိုလဲ၊ ပြောပါဦး၊ ဒီထက်ကောင်းတာတော့ မရှာပါနဲ့တော့၊ ဖူးတံရယ်၊ တွေ့မှာလည်း မဟုတ်ပါဘူး၊ ညည်းမှာဆရာဝန်ကတော်ဖြစ်ဖို့ ကံပါလာလို့သာ ဟိုလိုဘာမဟုတ်တဲ့ ကောင်လေးနဲ့လွဲခဲ့ရတာ မှတ်၊ ညည်းတို့ ချင်းတွေ့ပြီး စကားပြောဖို့ စီစဉ်ပေးမယ်၊ ဒီတနင်္ဂနွေနေ့ မောင်ကျော်ဟိုး လာလိမ့်မယ်၊ အပြင်ထွက်ပြီး တစ်ခုခု သွားစားကြပေါ့"

အပျိုကြီးဖြစ်သူ ဒေါ်လေးက ဖူးတံတို့ နီးစပ်မှုရအောင် အကွက်ချစီမံနေပါသည်။ ဖူးတံ သည် ရယ်ချင်သော အပြုံးမျိုးနှင့် ဒေါ်လေးကို ကြည့်ကာ ရင်ထဲကလည်းရှုက်စနိုးဖြစ်နေသည်။

သင့်တော်တဲ့ သူတစ်ယောက်နှင့် သူမတကယ်အိမ်ထောင်ပြုလိုက်ရတော့မလား။ တွေးရင်းက ရင်ထဲလှုပ်ရှားတုန်ယင်လာသည်။

မြတ်ကမ္ဘာလင်းဘက်မှာ မသီရိဆိုတဲ့ တံတိုင်းတစ်ခုကာရံလိုက်ပြီးနောက် ဖူးတံဘက်မှာလည်း ဒေါက်တာကျော်ဟိုးဆိုတဲ့

နောက်တံတိုင်းတစ်ခု လာရဦးမှာပေါ့။

ဒါမှသာ အထပ်ထပ်စည်းခြားပြီး ကိုယ့်ဘဝနှင့် ကိုယ်ဖြစ်မှာ...။

"တို့တွေ အတော်ကံကောင်းလို့သာ ဒီလို ချမ်းသာပြီး မာနကင်းတဲ့သူတွေနဲ့ လာကြုံရတာ ။ ဒါ့ညည်းအတွက် မမျှော်လင့်တဲ့ ဆုလာဘ်ပါအေ၊ လက်ခံခေါင်းညိတ်ဖို့သာတွေးထား ဖူးတံရေ၊ ညည်းလက်ခံပြီဆိုတာနဲ့ တစ်ခါတည်း မင်္ဂလာရက်သတ်မှတ်မှာ၊ မယမင်းက ဆီဒိုးနားမှာ ဆောင် ပေးမယ်တောင် ပြောနေတာ၊ ဧည့်သည်တစ်ယောက်အတွက်ဆယ့်ငါးဒေါ်လာ ကျမယ်ဆိုလား၊ သူပြောပါသေးတယ်၊ သူ့ခင်ဗျာလည်း ဒီသားလေးတစ်ယောက်ထဲရှိတာ၊ အတော်တက်တက်ကြွကြွစီစဉ်ချင်တာဟေ့၊ ညည်းတော့ မသိဘူး၊ ငါဖြင့် မယုံနိုင်အောင် ပျော်လွန်းလို့ ညညဆို ဒါပဲတွေး နေတာ၊ အိပ်ရေးတောင်ပျက်တယ်၊ အဟုတ်ပဲ၊ ညည်းဖက်က အေးတိအေးစက် လုပ်မနေနဲ့နော်၊ ဒါပဲ"

"အင်းပါ...ဒေါ်လေးကလည်း"

"နှုတ်ခမ်းက ဆူနေရသေးတယ်၊ ဒါရှက်စရာလား"

"အို...ရှက်စရာပေါ့၊ ဘုမသိ ဘမသိနဲ့ ယောကျ်ားယူရမယ် ဆိုတာ"

"ဩော်...ဘုရော ဘရော ကြီးဒေါ်ပါ အကုန်သိတော့ရော ညည်းတို့ ညားလို့လား၊ ယူဖြစ်ခဲ့လို့လား၊ လေးငါးနှစ်ကြိုက်ပေမယ့်လည်း တခြားသာတဲ့ မိန်းမယူချင်ယူသွားတာပဲ၊ လေးငါးရက် ဆွေးနွေးပြီး လက်ထပ်ပွဲဖြစ်မြောက်တော့ရော မကောင်းဘူးလား"

ဖူးစုံ ပြုံးစိစိဖြစ်လာရသည်။ ဒေါ်လေးစကားထဲမှာ လေးငါးရက်တစ်ပတ် ဆွေးနွေးတိုင်ပင် ပြီးတာနှင့် မင်္ဂလာဆောင်ဖို့ စီစဉ်ပေးချင်တာကပါနေပြီ။ ဖူးတံထက်ပင် ရှေ့ကိုလောနေသည်။

"ညည်းက ဘယ်အချိန်ထိများ အလွမ်းမင်းသမီး လုပ်ဖို့ အစီအစဉ်ရှိနေသလဲဟင်...ပြောပါဦး"

တစ်ခါတရံ ညဖက်တိတ်တိတ်လေး သူမအခန်းထဲမှာ ခေါင်းဦးနှင့် မျက်နှာအပ်ရင်း မျက်ရည်ကျရတာ ဒေါ်လေးက ရိပ်မိနေသလား။

ဖူးတံက နှုတ်ခမ်းပေါ်မှ အပြုံးလေး ရုတ်ချည်းပျောက်ကွယ်သွားပါသည်။ သူမလည်း မလွမ်းချင်တော့ပါ။

ကမ္ဘာနှင့် ပို၍ ပို၍ ဝေးသောလမ်းတစ်ခုကို လျှောက်ချင်ပါသည်။ ဒီအချိန်မှာ နောက်ထပ် တွေဝေစရာလဲ မရှိတော့ပါ။

"စိတ်ချပါ ဒေါ်လေးရယ်၊ ဖူးတံ ဆန်းဒေးကျရင် လှလှလေးဝတ်ပြီး သူ့ကိုစောင့်နေတယ်၊ ပြီးရင် တစ်နေရာသွားပြီး အေးအေးဆေးဆေး စကားပြောကြမယ်၊ ပြီးရင် ပြန်လာတာနဲ့ ဒေါ်လေး စိတ်ချမ်းသာရမယ့် အဖြေတစ်ခုပါလာစေရမယ် ဟုတ်ပြီလား၊ ဒေါ်လေး ဒီလောက် သဘောတူကြည်ဖြူတယ်ဆိုမှတော့ ဖူးတံဖက်က ဘာများငြင်းစရာအကြောင်းရှိမှာပဲ၊ အဆင်ပြေသွားမှာပါ"

"အံမယ်လေး... လိမ္မာလိုက်တဲ့ ငါ့တူမကြီး"

ဒေါ်လေးငွေက ဖူးတံချီကို ဖက်ကာ ပါးကိုရှုတ်ခနဲမွှေးတာမို့ ဖူးတံကလည်း ဒေါ်လေးငွေပါးကို အပြန်အလှန်နမ်းမွှေးကာ အာဘွားလုပ်လိုက်ပါတော့သည်။

*